26.5.2005,(2:00pm)12

အဦးဆုံး သားကို ဘဦးတဲ့ နာမည် ပေးရတယ်။ ဘဦး။ ဒုတိယ တစ်ယောက်ကျတော့ ဘအောင်။ တတိယကျတော့ ဘမောင်။ စတုတ္ထကျတော့ ဘထွေး။ အဲဒီ ဘဦးတို့ ဘအောင်တို့ ဘမောင်တို့ ဘထွေးတို့ မွေးကတည်းက ပါတာလား။ မိဘက ပေးတဲ့ နာမည်လား။ ဒါယုံရဲ့လား။ စဉ်းစားနော်။ အတန်ငယ်ကြီးလို့ လေးငါးခြောက်နှစ် ၊ခုနစ်နှစ်ကျတော့ ကျောင်းထားတဲ့အရွယ်ကျတော့ ကျောင်း မထားရဘူးလား။ ကျောင်းထားတော့ မိမိက နေပြီးတော့ အတန်းကျောင်းပဲ ဖြစ်ဖြစ် ဘုန်းကြီး ကျောင်းပဲ ဖြစ်ဖြစ် ဘွဲ့ရပြီးတော့ ကျောင်းက ဆင်းလာခဲ့။ လူပျိုကြီးဖားဖား ပေါ့ဟ။ စဉ်းစားဖို့ မကောင်းလား။

ကဲ ဘဦး ရှိတယ်လို့ မယူဆကြလား။ ဘအောင်လည်း ရှိတယ် ဘမောင်လည်း ရှိတယ် ဘထွေး လည်း ရှိတယ်လို့ ယူဆတယ်နော်။ အဲဒီ မိတ်ဆွေ တစ်ယောက်က သူတို့ ကျောင်းနေတုန်းက အတူတူ အင်မတန်ရင်းနှီးတယ် ကျောင်းထွက်ပြီးရင် မတွေ့တာက လေးငါးနှစ်ကြာသွားပြီ။ မင်းတို့ ရပ်ကွက်မှာ ဘဦးဆိုတဲ့လူက ငါနဲ့ ကျောင်းနေဘက်ကွဲ့။ ရှိသေးသလား မသိဘူး။ အလုံး အရပ်က ဘယ်လိုလဲ ဟဲ့။ မမေးရဘူးလား။ အရှည်လည်း မဟုတ် အပုလည်း မဟုတ် အလတ်စားပေါ့။ အသားအရေက ဘယ်လိုလဲကွဲ့။ အသားက ဖွေးဖွေး။ အသားဖွေးတယ် အဲဟုတ်ပြီ။ ဘယ်နားမှာ လဲ။ ကျုပ်အိမ်နဲ့ မျက်စောင်းထိုးမှာ ခင်ဗျာ။ မပြောရဘူးလား။ အဲမျက်စောင်းထိုးတဲ့။ သွားကြည့် တော့ကာ ခေါ်ကြည့်တော့ရှိတယ်။ အာ...ဟိုကလည်း ဝမ်းသာအားရနဲ့ လာ လာလာ မတွေ့တာ ကြာပြီ။ အားရပါးရ ခေါ်လို့ ကောင်းကောင်းမွန်မွန် ကျွေးမွေးပြီးတော့ ဧည့်ခံတယ်။ စဉ်းစားဖို့ မကောင်းလား။ ကဲ ... ဘဦးဆိုတာ အကောင်အထည်နဲ့ လာတော့တာနော်။ အကောင်အထည်နဲ့ မလာဘူးလား။ အရပ်က အလတ်စားတဲ့ဗျာ့။ အသားက ဖွေးဖွေးတဲ့ကွဲ့။ အဲဒါ စိစစ်ဖို့ မကောင်းဘူး လား။

ဘဦး ရှိရင် ဘဦး ရှိသမျှတော့ သက္ကာယဒိဋ္ဌိ ပြုတ်ပါ့မလား။ ဘဦး စွဲသမျှတော့ သက္ကာယဒိဋ္ဌိ မပြုတ်ဘူး။ ဘဦးစွဲရင် ဘအောင်လည်း စွဲဦးမှာ။ ဘမောင်လည်း စွဲဦးမှာ။ ဘထွေးလည်း စွဲဦးမှာ။ အဲဒီ ဘဦးပျောက်အောင် ဘယ်လိုဖျောက်မလဲ။ တရား ပျောက်တော့ ကိုယ်မှာရှာ။ ကိုယ်မှာ ရှာတော့ တရား တွေ့တယ်လို့ မဟောဘူးလား။ ကဲ ဘယ်လို ဖျောက်မလဲ။ ကိုယ်ကောင်က ကြီး တော့ ပျောက်ပါ့မလားကွာ။အပ်လည်း မဟုတ်။ အဲဒါဖျောက်ဖို့လိုတာ။ သက္ကာယဒိဋ္ဌိ ပြုတ်ဖို့ ဟောနေတာ။ စဉ်းစားဖို့ကောင်းတယ်နော်။ သက္ကာယ သက္ကာယ ဘယ်တရားတွေကို သက္ကာယလို့ ခေါ်တာလဲ။ ပိဋကတ်သုံးပုံ ချုံးကြည့် ခန္ဓာငါးပါး။ ခန္ဓာငါးပါး ချုံးကြည့် စိတ်၊ စေတသိက်၊ ရုပ်။ စိတ်၊ စေတသိက်၊ ရုပ် ချုံးကြည့်တော့ နာမ်နဲ့ရုပ်လို့ မဟောဘူးလား။ နာမ်ရုပ်ပဲ တွေ့တယ်။ စဉ်းစားနော်။

ကဲ လက်တွေ့ မျက်တွေ့။ ဘဦးထင်လို့ ဘုရားပေးတဲ့ ဝိဇ္ဇာဆိုတဲ့ မျက်မှန်ကို တပ်ကြည့် ဘဦးကို မြင်တာလား အဆင်းကို မြင်တာလား။ ထင်တော့ ဘဦးလို့မထင်လား။ မြင်တာက ဘဦးလား အဆင်းဓာတ်လား။ တရားနော် ။ တရားဆိုတာ မှန်တာ ပြောတာ။ အကြွေးမဟုတ်ဘူး လက်တွေ့။ စိစစ်ဖို့ မကောင်းဘူးလား။ ကဲ တွေးသိ ကြံသိစိတ်က ဘဦးလို့ မထင်ဘူးလား။ ရှိတယ်လို့ မယူလား။ လက်နဲ့ပုတ်ကြည့် တီးကြည့် ဘဦးတွေ့မလား။ အသံတွေ့မလား။ အသံကိုသာ ဘဦး ဆိုရင် အသံ ဟူသမျှ ဘဦး ခေါ်ရမှာပေါ့။ ဒီလိုကား ဖြစ်ပါ့မလား။ မဖြစ်ဘူးကွဲ့။ အဲလို စိစစ်ဖို့ မကောင်းလား။

စိတ်ကတော့ ဘဦးလို့ မထင်ဘူးလား။ ရှိတယ်လို့ မယူလား။ ဘဦးထင်လို့ နမ်းကြည့်လိုက် ဘဦး တွေ့မလား အနံ့ တွေ့မလား။ အနံ့တွေ့မယ်နော်။ ဒါသူများ မေးရမှာလား ကိုယ်တွေ့တာလား။ တရားလေ။ ထင်တာနဲ့တွေ့တာ။ ထင်တာက ဘဦး တွေ့တာက အနံ့။ ဘဦးထင်လို့ လျှာလေးနဲ့ လျက်ကြည့် ငန်ပျပျမတွေ့လား။ ဆားပေါက်လို့ ရသာဓာတ်။ ငန်ပျပျပေါ့။ကဲ ထင်တာက ဘဦး တွေ့တာက ငန်ပျပျ။ စိစစ်ဖို့မကောင်းလား။

ဆံဖျားက ခြေဖျား၊ ခြေဖျားက ဆံဖျား အနုလုံ ပဋိလုံ။ဘုရားပေးတဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်းကြည့်။ ကိုင်စမ်းကြည့်ဖို့ မကောင်းလား။ ဘဦးလို့မထင်ဘူးလား။ ရှိတယ်လို့ မယူလား။ ဘုရားပေးတဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်းကြည့် ပူနွေးနွေးမတွေ့လား။ ပူတာ ဥတုတေဇော။ တစ်နည်းအားဖြင့် အေးတာ မတွေ့ဘူးလား။ ဘဦးလား တေဇောဓာတ်လား။ သီတတေဇော။ ထင်တာကဘဦး တွေ့တာက ပူတဲ့သဘော တွေ့တာက အေးတဲ့သဘော။ စဉ်းစားဖို့ မကောင်းလား။ ပူတာ ဘဦး ဟုတ်ကဲ့လား။ အေးတာက ဘဦး ဟုတ်ကဲ့လား။ ကိုယ်ထင်တာတွေက တစ်ခုမှ မဟုတ်ပါကား ပေါ့။ တွေ့ရဲ့လား။ စဉ်းစား။

အဲဒီမှာ အဆင်းလို့ခံစားတာ အသံလို့ခံစားတာ အနံ့လို့ခံစားတာ ရသာဓာတ်လို့ ခံစားတာ ပူတယ် အေးတယ် ခံစားတာ ဘဦးလား ဝေဒနာလား။ ဝေဒနာပဲ တွေ့တယ်နော်။ အဲလိုစိစစ်ဖို့ မကောင်း လား။ ဝေဒနာတွေ့တယ်။ ပူတယ် အေးတယ်လို့ မှတ်တာ ဘဦးလား သညာလား။ ခံစားနိုင်အောင် စေ့ဆော်တာ၊ မှတ်နိုင်အောင် စေ့ဆော်တာ သူငါလား စေတနာလား။ ဘဦးလား စေတနာလား။ ဖောက်ပြန်တာ သိတာ ခံစားတာ သိတာ မှတ်တာ သိတာ စေ့ဆော်တာ သိတာ သူငါလား ဝိညာဏ်လား။ ကြော် ဝိညာဏ်ပဲ ရတယ်နော်။ ကဲ ဘဦးရှာလို့ မတွေ့ပါတကား ပေါ့။ တွေ့ရဲ့လား။ တွေ့တာက ခန္ဓာပဲတွေ့တယ်။ ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ဒါ ခန္ဓာငါးပါး မရဘူးလား။အဲဒါ သက္ကာယလို့မပြောလား။ ဘဦးလား သက္ကာယလား။ ဘအောင်လား

သက္ကာယလား။ ဘမောင်လား သက္ကာယလား။ ဘထွေးလား သက္ကာယလား။ ကဲဘဦးလည်း မတွေ့ ဘအောင်လည်း မတွေ့ ဘမောင်လည်း မတွေ့ ဘထွေးလည်း မတွေ့။ တွေ့တာက စဉ်းစားဖို့ … သက္ကာယဘဲ တွေ့တယ်။ ကဲ ဒီလိုဆိုရင် ဘဦးလို့ စွဲစရာ လိုသေးရဲ့လား။ ဘဦးလို့ စွဲစရာမလိုရင် ဘအောင်လို့ကော စွဲဦးမလား။ ဘမောင်လို့ကော စွဲဦးမလား။ ဘထွေးလို့ကား စွဲဦးမလား။ မစွဲရင် လူ၊ နတ်၊ဗြဟ္မာ၊ သတ္တဝါလို့ကား စွဲစရာ လိုသေးရဲ့လား။ ဘာဖြစ်လို့ မလိုတာလဲ။ လူ၊ နတ်၊ဗြဟ္မာ၊ သတ္တဝါ မရှိလို့။ အဲဒါ ယုံကြည်ဖို့ လိုတယ်။ ယုံကြည်ဖို့ မလိုဘူးလား။ ယုံကြည်ဖို့လိုတယ်။ ဒါ စဉ်းစားကြ။

<u>ထိုင်တာ အများနဲ့ သင့်တော်ပုံ။</u>

တရား ထိုင်တယ် တရား ထိုင်တယ်ဆိုတာ… တရား ထိုင်ဖူးကြသလား။ ထိုင်ဖူးကြသလား။ အမ်… ။ တရား ထိုင်မယ်၊ တရားထိုင်မယ်တဲ့။ လူထိုင်မယ်လို့မကြားမိကွယ်။ တရားထိုင်မယ်လို့သာ ကြားတယ်။ လူထိုင်မယ်လို့ကား ကြားဖူးသလား။ ဘာဖြစ်လို့ မကြားတာလဲ။လူထိုင်မယ်လို့။ဟင်။ (လူမရှိလို့ပါဘုရား။) အဲ လူမရှိလို့ကွဲ့။ဟုတ်တယ်။အေး လူမရှိလို့။ ကဲ ကိုယ်ထင်တာက လူ ၊အခု တွေ့တာကတရား။ လူမတွေ့ဘဲကိုး။ မရှိတော့ကာ … လူထိုင်မယ်ဆိုတာ လူရှိရင်တော့ လူထိုင်မယ် ပြောမှာပေ့ါ။ လူမရှိဘူး အခု တရားထိုင်မှာ။ တရားဆိုတာ မှန်တာမဟုတ်လား။ အမှန်သိ အမှား ပျောက်တယ်ဆို။ ကဲလူတွေ့တာလား စဉ်းစားနော်။ အမှန်ကိုလေ့လာကြ။ အမှန်သိတော့ အမှား ပျောက်တယ်လို့ မဟောဘူးလား။ ထိုင်နေတာ လူလား ထောက်ကန်ဝါယောလား။ ထောက်ကန် ဝါယောနော်။ ရပ်တာ လူလား ထောက်ကန်ဝါယောလား။ သွားတာ လာတာ လူလား လှုပ်ရှား ဝါယောလား။ ဝါယောဓာတ်လို့သိဖို့ မလိုလား။ ဝါယောက ရုပ်တရားမရလား။ ဝါယောဓာတ်လို့ သိတာလေးက နာမ်တရား မရလား။ နာမ်ရုပ်နှစ်ပါး။ ဒါသက္ကာယလို့ မဟောဘူးလား။ ကဲ လူလား နာမ်နဲ့ရုပ်လား။ နတ်လား နာမ်နဲ့ရုပ်လား။ ဗြဟ္မာလား နာမ်နဲ့ရုပ်လား။ အဲဒီနာမ်ရုပ်ကို သိအောင်လို့ တရား ထိုင်တာ။

အခု တရားသာ ထိုင်တယ်။ နာမ်ရုပ်ကို မတွေ့။ ဒါမို့ လယ်တီဆရာတော်ဘုရားကြီးက ပရမတ်ကို နေ့စဉ် မြင်လျက် မတွေ့ကြ။ နေ့စဉ် တွေ့လျက် မသိကြတဲ့ဗျား။ စဉ်းစားဖို့မကောင်းလား။ နေ့စဉ် တွေ့လျက် မသိတဲ့ နေ့စဉ် မြင်လျက် မတွေ့တဲ့ လယ်တီဆရာတော်ဘုရားကြီး ဟောတာ။ ဘယ်လောက်များ အားရစရာ ကောင်းလဲ။ အဲလိုစိစစ်ဖို့မကောင်းလား။ စဉ်းစား။ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း ဣရိယာပထလေးပါး မြတ်စွာဘုရားဟောမဟော။ ဟောတဲ့နေရာမှာ တစ်ခု ကိုယ် နှစ်သက်တဲ့ တရားကို လေ့လာပါ။ ရပ်တဲ့ပုဂ္ဂိုလ်ကလည်း ရပ်ရင်းနဲ့ အလေ့အကျင့်ဖြစ်ရင်

ရပ်တာလည်း သက္ကာယဒိဋ္ဌိပြုတ်ဖို့။ သွားရင်းနဲ့ ပြုတ်လည်း သွားရင်းနဲ့ ပြုတ်ဖို့။ ထိုင်ရင်းနဲ့ ပြုတ်လည်း ထိုင်ရင်းနဲ့ ပြုတ်ဖို့။ လျောင်းရင်းနဲ့ပြုတ်လည်း လျောင်းရင်းနဲ့ ပြုတ်ဖို့။ အဲတော့ ထိုင်တာက အများနဲ့ သင့်တော်တယ်လို့ ပြောရမှာပေါ့။ ဘုန်းကြီးတော့ လျောင်းလို့တော့ မရဘူး။ လျောင်းရင် အိပ်ပျော်သွားတော့တာကွဲ့။ ကြားလား လျောင်းရင်အိပ်ပျော်တော့တာ။ ထိုင်တာ အများနဲ့ သင့်တော်တယ်။ အဲလို စိစစ်ဖို့ မကောင်းဘူးလား။

ကဲ စိတ်ထဲ ဉာဏ်ထဲက တရားထိုင်လိုက်ကြစို့။ ထိုင်လိုက်တဲ့အခါ ကြမ်းနဲ့တင်ပါးနဲ့ ထိမသွားဘူး လား။ ထိရင် သတိလို့ ဟော မဟော။ ထိသိ သတိလို့ မဟောဘူးလား။ သတိပြုရမှာနော်။ ကြမ်း တွေ့တာလား မာတာ တွေ့တာလား။ တင်ပါး တွေ့တာလား ကာယအကြည်လား။ ဟော ကာယ အကြည်သာ မရှိရင် ထိတယ်လို့ သိပ့ါမလား။ ကဲ ကာယအကြည်ရှိလို့ပေါ့။ သွက္ခာပါဒဖြစ်တဲ့ ကိုယ်တခြမ်းသေတွေ လက်နဲ့ကိုင်ကြည့် သူတို့ ကိုင်တယ်လို့ သိရဲ့လား။ အကြည်ဓာတ် မရှိပဲကိုး။ အကြည်ဓာတ်ရှိတဲ့ဘက်က ယင်နားတာက အစ သိတယ်ကွဲ့။ အကြည်ဓာတ်မရှိတော့ ထိတာ တောင် သိရဲ့လား။ အဲထိသိသတိပေါ့။ ကြမ်းလား မာတဲ့ သဘောလား။ တင်ပါးလား ကာယအကြည် လား။ ဟော နှစ်ခုထိတော့ သိတဲ့စိတ်လေး မပေါ်လား။ကြမ်းလို့သိတာလား မာတယ်လို့ သိတာလား။ အာရုံ အာရမ္မဏိကလို့ မဟောဘူးလား။ အာရုံမှန်တော့ သဒ္ဒါ မှန်တယ် နော်။ အာရုံက ဖောဋ္ဌဗ္ဗာရုံကိုး ကွဲ့။ ကြမ်းလား မာတဲ့သဘောလား။ ကြမ်းလို့သိရင် မှန်ပ့ါမလား။ မာတဲ့ သဘော။ အဲလို စိစစ်ဖို့ မကောင်းဘူးလား။ ကဲ ကာယဝိညာဏ်ပေါ့။ သူက နာမ်တရား မရလား။ ကာယအကြည်နဲ့ မာဆိုတဲ့ ပထဝီကရုပ်တရားမရလား။ နာမ်ရုပ်နှစ်ပါး။

ဟော အဲဒါ တရားထိုင်လို့ သိတာဗျ့။ မကြာပါတကား ခဏလေးပါလား။ အခု တစ်နာရီ ကြာတော့ လည်း မတွေ့ တစ်ရက်ကြာလည်း မတွေ့ တစ်နှစ်ကြာလည်း မတွေ့။ ဘယ်နှယ့်လဲ ဟော့။ အင်… ခဏလေး တွေ့တာ။ မျက်စိတစ်မှိတ် လျှပ်တပြက်…ကုဋေတစ်သိန်းဖြစ်ပြီးတော့ ပျက်တယ်လို့ ဟောတာ ကြားဖူးရဲ့လား။ မနည်းပါတကားကွာ ။မြန်လိုက်တာဟော့။ ဟင် စဉ်းစားဖို့ မကောင်းလား။ အဲလို နဒီသောတော ဝိယ လို့ မြတ်စွာဘုရားမဟောဘူးလား။ မြစ်ရေများစီးနေတာ ရပ်တယ်လို့ ရှိရဲ့လား။ တသွင်သွင် စီးဆင်းနေတာနော်။ အဲဒီ ခန္ဓာကိုယ်ကြီးက ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက်နဲ့ တဖြုတ်ဖြုတ်၊ တသုတ်သုတ်နဲ့ ဖြစ်ပျက် နေတာ ရုပ်များရုပ်ကဲ့လား။ အဲလိုစဉ်းစားဦးကွဲ့။ စဉ်းစားဦး စဉ်းစားဦး။ ထိထိမိမိ လေ့လာဖို့ မကောင်းလား။ စဉ်းစား။

<u>ရူပပစ္စယာ တဏှာ။</u>

ကိုယ့်ကို မိမိက ဝေဒနာနဲ့ ငါနဲ့ မရောနဲ့။ ဟော... ဆရာတော်တွေ ဟောတယ်။ ဝေဒနာနဲ့ငါနဲ့ မရောနဲ့။ ငါက ဒိဋ္ဌိ ဝေဒနာက သက္ကာယ။ သက္ကာယ။ အဲ ဒိဋ္ဌိနဲ့ပေါင်းတော့ သက္ကာယဒိဋ္ဌိ ဖြစ်တာပေါ့။ ဒါ ဝေဒနာနဲ့ ငါနဲ့ မရောနဲ့။ မဟောဘူးလား။ ကဲ ဝေဒနာ နှစ်အကွက်က သုံးကို မကူးစေနဲ့။ မဟောဘူးလား။ အဲဒါ နှလုံးသွင်းမှားရင် ဝေဒနာပစ္စယာ တဏှာ။ သညာပစ္စယာ တဏှာ။ သင်္ခါရ ပစ္စယာ တဏှာ။ဝိညာဏပစ္စယာ တဏှာ။ရူပပစ္စယာ တဏှာ။ ရူပပစ္စယာဘယ်လိုလဲ။ သူ့အသံလေး သာယာလိုက်တာကွာ။ သူ့ အသံလေး အလွန် ကြည်လင် ဆိုကောင်းတာ သာယာလိုက်တာ မလာ ဘူးလား။ အသံ ရူပက္ခန္ဓာ ရေမြှုပ်ကြီး ကဲ့သို့ ဟော မဟော။ ရေမြှုပ်ကဲ့သို့သာ မိမိက မြင်မယ် ကြားမယ် ဆိုရင် နှစ်သက်စရာ လိုသေးရဲ့လား။ ကဲ အဲဒီအသံက ကြားပြီးမပျက်လား။ အသံ တွေ့တာလား မရှိတာ တွေ့တာလား။ မရှိတာ အနိစ္စလို့ မဟောဘူးလား။ သိတာ မဂ္ဂလို့ မဟောဘူး လား။ မရှိတာ အနိစ္စ အစားထိုးတာ သင်္ခါရ။ အဲလို လေ့လာဖို့ မကောင်းလား။ စဉ်းစား။ အဲတော့ ထိထိမိမိ သဘောပေါက်ဖို့လိုတယ်နော်။

<u>ဆင်းရဲတဲ့တရားကို လက်မခံနဲ့။</u>

ကဲ ခန္ဓာဘက်ကို လှည့် သေချာ ကြည့်။ ဒါကြောင့် ဆရာတော်ဘုရားကြီးက နားက တရားကို နာ ဉာဏ်က ခန္ဓာလှည့်လို့ မဟောဘူးလား။ ကဲ ခန္ဓာဘက်ကို လှည့်ကြည့်လိုက် စဉ်းစား။ ခန္ဓာဘက်ကို လှည့်တာနဲ့ မလှည့်တတ်တဲ့ ပုဂ္ဂိုလ်။ တစ်ဦး တစ်ယောက်ကနေ ဟော့ သူခိုးမသား ၊ဟော့ သူခိုးမ သား။ ဟော့ ခွေးမသား ။ အဲလိုပြောတဲ့အခါ တရား မလေ့လာတဲ့ ပုဂ္ဂိုလ်ဟာ ဝမ်းမြောက် ဝမ်းသာ ဖြစ်မလား စိတ်ဆိုးမလား။ ဟော စိတ်ဆိုးတာ ကုသိုလ်လား အကုသိုလ်လား။ အဲဒီ အကုသိုလ် တရားတွေက ဘယ်ဆီက လာတာလဲဟဲ့။ အကုသိုလ်တရားတွေက ဘယ်ဆီက လာတာလဲ... စဉ်းစားကြ။ အကုသိုလ်က ချမ်းသာတဲ့ တရားလား ဆင်းရဲတဲ့ တရားလား။ ဆင်းရဲတဲ့ တရားကို လက်မခံနဲ့။ ဆင်းရဲတာတော့ လက်မခံနဲ့။ လက်ခံရင်ဆင်းရဲမယ်။ ကြားလား။ လက်မခံနဲ့။ ဘယ်လို လက်မခံ ရမှာလဲ။ အဲဒါ ကာကွယ်ရမယ်။ လက်ခံတော့ ဆင်းရဲမှာပဲ။ လက်မခံရဘူး။ သိမှ ပယ်တယ်လို့ မဟောဘူးလား။

အဲ ကြားရင် သတိလို့ မဟောဘူးလား။ သတိပြုတဲ့အခါ ခွေးမသားလား အသံလား။ သူခိုးမသား လား အသံလား။ အသံလို့ကြားတဲ့ အချိန် သိတဲ့အချိန် လူကား တွေ့ရဲ့လား။ အသံလို့ ကြားတဲ့ အချိန် လူတွေ့ရဲ့လား။ သူခိုးမသားကား တွေ့ရဲ့လား။ ခွေးမသားရော တွေ့ရဲ့လား။ ဒါအသံဆိုရင် နှလုံးသွင်း မမှန်ဘူးလား။ ကဲကြားသိစိတ်ကလေးက သောတဝိညာဏ် နာမ်တရား။ အသံက

ရုပ်တရား။ နာမ်ရုပ်နှစ်ပါး။ သူခိုးလား နာမ်နဲ့ရုပ်။ ခွေးမသားလား နာမ်နဲ့ရုပ်။ နာမ်ရုပ်ဆိုတော့ နှလုံးသွင်း မမှန်ဘူးလား။ ခွေးမသား ဆိုတော့ နှလုံးသွင်း မှားတာ။ စဉ်းစားဖို့ မကောင်းလား။

ပရိညာသုံးပါး။

ကြားတာကို သညာ ဖုံးတယ်။ သညာကို သင်္ကာကင်းမှ သင်္ကာရှင်းမယ်။ မဟောဘူးလား။ ကြားတာက နာမ်နဲ့ရုပ်။ နှလုံးသွင်းမှားတာက ခွေးမသား သူခိုး။ကဲ မမှားဘူးလား။ အဲလို စိစစ်ဖို့ မကောင်းလား။ ဒါကြောင့် ကြားရင် သတိ မြင်ရင်သတိ ကြားရင်သတိ နံ့ရင်သတိ စားရင်သတိ ထိရင်သတိ။ ထိသိ သတိလို့မဟောဘူးလား။ အဲ သတိလိုတယ်နော်။ အဲလိုစိစစ်ဖို့ မကောင်းဘူးလား။ စဉ်းစား။ ကဲဒီလိုဆိုတဲ့အခါကျတော့ ဒေါသစိတ်လာဦးမလား။ ဘာဖြစ်လို့ မလာသလဲလို့ စိစစ်ဖို့ မကောင်းဘူးလား။ အသံထဲမှာ စိတ်ဆိုးစရာပါရဲ့လား။ ပါကို မပါဘူးကွဲ့နော်။ စဉ်းစားဖို့ မကောင်းလား။ အဲ သူ့အသံကြားရတာ သာယာတယ် သူ့ အသံလေး ကြားရတာ ရေစက်နီးတယ်။ သူ့အသံ ကြားရတာ မြင်ပြင်းကတ်တယ် မလာဘူးလား။ မြင်ပြင်းကတ်တယ် သာယာတယ် နှစ်သက်တယ်။ စဉ်းစားဖို့ မကောင်းလား။ အဲဒါ ပညတ်အာရုံပေါ့။ စဉ်းစားဖို့မကောင်းလား။ အသံက ပရမတ်။ ဟော မင်းသမီးသံ မင်းသားသံ ဒါက ပညတ်။ သူ့အသံလေး သာယာတယ် အသံ ရူပက္ခန္ဓာ။ မြတ်စွာဘုရား ရေမြှုပ်ကြီး ကဲ့သို့ ဟော မဟော။ ကဲ ချစ်စရာများ ပါရဲ့လား။ ချစ်စရာ မပါရင် မြင်ပြင်းကတ်တာ ကော ပါရဲ့လား။ အဲလို စိစစ်ဖို့ မကောင်းဘူးလား။ အဲဒါကြောင့် ဥပေက္ခာ ဝေဒနာ နားမှာပေါ်သည်။ ဒီလိုဆိုတော့ ဆိုးကောင်းနှစ်ပါး မလွတ်ဘူးလား။ ဥပေက္ခာဝေဒနာ နားမှာ ပေါ်သည်။ အသံထဲမှာ ချစ်စရာ မပါဘူး မုန်းစရာ မပါဘူး။ အသံလို့သိ ကြားသိစိတ်က နာမ်တရား အသံက ရုပ်တရား နာမ်ရုပ်နှစ်ပါး။

ကဲ သာယာစရာ တွေ့သေးရဲ့လား။ ကဲ ရုပ်တရားကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား။ နာမ်တရားကလည်း သိပြီးတော့ မပျက်လား။ နိစ္စလား။ အနိစ္စလား။ အနိစ္စ။ အနိစ္စတွေ့တဲ့အချိန် နာမ်ရုပ် တွေ့သေးရဲ့လား။ အနိစ္စတွေ့တဲ့အချိန် နာမ်ရုပ် တွေ့ရဲ့လား။ အနိစ္စ မမြဲခြင်း တရားသည် ချမ်းသာတဲ့တရားလား ဆင်းရဲတဲ့တရားလား။ ဆင်းရဲတဲ့တရားကို သုခလို့ခေါ်မလား ဒုက္ခလို့ ခေါ်မလား။ ဤဒုက္ခ တရားကို ပိုင်သူရှိရဲ့လား။ သတ္တဝါ အလိုသို့ လိုက်ကဲ့လား။ အကြိုက်သို့ ပါရဲ့လား။ အနတ္တလို့ မဟောဘူးလား။ အဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ အဲဒါ ပွားလို့ သိတာ။ တီရဏ ပရိညာ ပွားလို့သိတာ။

ဘယ်လိုတွေ ပိုင်းခြားရမှာလဲဉာတပရိညာ။တီရဏပရိညာ။ အနိစ္စတရားနဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားသိဖို့ မလိုလား။ ဒုက္ခတရားနဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားသိဖို့မလိုလား။ အနတ္တတရားနဲ့ နာမ်ရုပ်နဲ့ ပိုင်းခြား သိဖို့

မလိုလား။ အနိစ္စတရားတွေ့တဲ့အခါ နာမ်ရုပ် တွေ့သေးရဲ့လား။ ဒုက္ခတရားတွေ့တဲ့ အချိန် နာမ်ရုပ် တွေ့သေးရဲ့လား။ အနတ္တတရား တွေ့တဲ့အခါ နာမ်ရုပ်တွေ့သေးရဲ့လား။ တီရဏပရိညာ။ နာမ်ရုပ်ကိုတွေ့တဲ့အချိန် လူတွေ့ရဲ့လား။ နာမ်ရုပ်ကို တွေ့တဲ့အချိန် နတ်သား တွေ့ရဲ့လား။ နာမ်ရုပ် ကို တွေ့တဲ့အချိန် ဗြဟ္မာကော တွေ့ရဲ့လား။ ဉာတပရိညာ။ မဟောဘူးလား။ ဒိဋ္ဌိ မပြုတ်လား။ စဉ်းစား။ အသိနဲ့ပြုတ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တွေ့တဲ့အခါ နာမ်ရုပ်တွေ့သေးရဲ့လား။ တီရဏ ပရိညာလို့ မဟောဘူးလား။ ကဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အဲဒါကိုစုလိုက် အားလုံး စုချုံးလိုက်တော့ကာ ဖြစ်ပျက်လို့မဟောဘူးလား။ ဖြစ်ပျက်ဘာသစ္စာလဲ။ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ။ အနတ္တလက္ခဏာ ဒုက္ခသစ္စာ။ ဒုက္ခလက္ခဏာ ဒုက္ခသစ္စာ မဟောဘူးလား။ အဲ အဲဒီ လက္ခဏာကို စိစစ်ဖို့လိုတယ်။

ဒါကြောင့်မို့လို့ ကိုယ်ထင်ခဲ့တာက လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ တွေတာက ဒုက္ခ သစ္စာ။ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ ။ဒုက္ခလက္ခဏာ ဒုက္ခသစ္စာ။ အနတ္တလက္ခဏာ ဒုက္ခသစ္စာ သစ္စာ ဆိုက်ပြီ။ ဆင်းရဲတဲ့တရားလို့ သိတဲ့အချိန် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ နလုံးသွင်း မှားတဲ့ အဝိဇ္ဇာချုပ်မချုပ်။ အဝိဇ္ဇာချုပ်တယ်နော်။ ကဲတွေတာက လူချမ်းသာလား ဒုက္ခသစ္စာလား။ နတ်ချမ်းသာလား ဒုက္ခသစ္စာလား။ ဗြဟ္မာချမ်းသာလား ဒုက္ခသစ္စာလား။ ဘယ်လောက်များ ထင်ရှား သလဲ။ အဲလို ဆိုတော့ကာ အဝိဇ္ဇာ မချုပ်ဘူးလား။ အဝိဇ္ဇာ ချုပ်သွားပြီနော်။

ဒါကြောင့် ရှေးဆရာတော် သမားတော်တွေ အရင်းလဲတော့ အဖျား ထင်းဖြစ်တယ်လို့ မဟောဘူး လား။ တဏှာလာသေးရဲ့လား။ ဥပါဒါန်လာသေးရဲ့လား။ မလာတော့ဘူး။ စဉ်းစားဖို့ မကောင်းဘူး လား။ အဲတော့ အမှန်သိဖို့မလိုလား။ တွေ့နေတာက လူချမ်းသာလား ဒုက္ခသစ္စာလား။ နတ်ချမ်းသာ လား ဒုက္ခသစ္စာလား။ ဗြဟ္မာချမ်းသာလား ဒုက္ခသစ္စာလား။ အဲဒါအမှန်တွေ့ပြီနော်။ ကဲ ယထာဘူတ ဉာဏ် မဟောဘူးလား။ ဒုတိယဆက်ပြီးတော့ ကြိုးစားအားထုတ် ဖြစ်ပျက်ပဲ မတွေ့လား။ ဖြစ်ပျက် မတွေ့လား။ ဘာသစ္စာလဲ။ ဒုတိယကျတော့ အသိဉာဏ်ကရင့်လာပြီ။ ခန္ဓာကလွတ်ချင်တဲ့စိတ်တွေ ခန္ဓာကကျွတ်ချင်တဲ့စိတ်တွေ မပေါ်ဘူးလား။ လောကကြီးကို ပျင်းမုန်းငြီးငွေ့လာပြီ။ ကြားလား။ အဲဒီပုဂ္ဂိုလ် အခါတိုင်းနဲ့ တူပါ့မလား။ အပြောအဆိုအနေအထိုင်တွေ မူပြောင်း မသွားဘူးလား။ ပြောင်းသွားပြီ။ နိဗ္ဗိန္ဒ ဉာဏ်။ စဉ်းစားဖို့မကောင်းလား။ ပြောင်းသွား တော့တာ။ လေ့လာ။

ဆက်ပြီးတော့ ကြိုးစားဦး။ တတိယ ဖြစ်ပျက်ပဲမတွေ့ဘူးလား။ဘာသစ္စာလဲ။ ခြေအစ ခေါင်းအဆုံး တစ်ကိုယ်လုံး ရှာချင်သလိုရှာ။ သုခဆိုတဲ့တရား အပ်ဖျားတစ်ထောက်စာမျှ တွေ့ရဲ့လား။ အပ်ဖျား တစ်ထောက်စာမျှ သုခမတွေ့တာ။ ရှိလို့လား မရှိလို့လား။ မရှိ...ဒုက္ခအတိလို့ မပိုင်းခြားလား။ ပိုင်းခြား လိုက်တဲ့တစ်ချိန် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သီလ မဂ္ဂင်သုံးပါး မဝင်လား။

26.5.2005,(2:00pm)19

ရှုဉာဏ် ငါးပါးနဲ့ ပေါင်းတော့ ရှစ်ပါး မပြည့်လား။ ရှစ်ပါး ပြည့်တယ်နော်။ အဲဒီ သီလ...သမုစ္ဆေဒ သီလ။ သမာဒါန သီလ၊သမ္ပတ္တသီလ မဟုတ်ဘူး။ သူက သစ္စာသိပြီးတော့ ဝင်လာခဲ့တာ။

ဘယ်လောက်ထိ အနှစ်သာရ ပြည့်သလဲ။ တစ်ဦး တစ်ယောက်က အပုပ်ရည်သွင်းတဲ့ စကား အရက်ကွဲ လောက်အောင် နှစ်နာလောက်အောင် ပြောပြန်ပြီးတော့ တုံ့ပြန်မယ်လို့ စိတ်ကူး သေးရဲ့ လား။ အာလွန် လျှာလွန်ကား လုပ်သေးရဲ့လား။ ခြေလွန် လက်လွန်ကား လုပ်သေးရဲ့လား။ ကဲ အဲ လောက်ထိ အနှစ်ပြည့်တာနော်။ အဲလိုစိစစ်ဖို့ မကောင်းလား။ ရှုဉာဏ်ငါးပါးနဲ့ ပေါင်းလိုက်တော့ ရှစ်ပါး မပြည့်လား။ ရှစ်ပါး ပြည့်တဲ့ အချိန် ခန္ဓာငါးပါး တွေ့သေးရဲ့လား။ ဖြစ်ပျက်ကော တွေ့သေးရဲ့ လား။ မတွေ့တော့ဘူး နော်။ လောကုတ္တရာ လို့ မပြောဘူးလား။

ခန္ဓာ တွေ့ရင် အိုနာသေ အိုရဦးမယ် နာရဦးမယ် သေရဦးမှာပေါ့။ ခန္ဓာမရှိတော့ မငြိမ်းလား။ အဲဒီ ခန္ဓာ ချုပ်ဖို့။ ကိလေသာ ချုပ်ဖို့လို့မပြောဘူးလား။ ကိလေသာချုပ်ဖို့ ခန္ဓာချုပ်ဖို့လိုတာနော်။ အဲလို လေ့လာဖို့ မကောင်းလား။ ကဲ ကိလေသာ မရှိတော့ မအေးလား။ ခန္ဓာ မရှိတော့ မငြိမ်းလား။ ငြိမ်းတဲ့ သဘောနဲ့ အေးတဲ့သဘော နိဗ္ဗာန်လို့မပြောဘူးလား။ အဲလို စိစစ်ဖို့ ကောင်းတယ်ကွဲ့။ အဲဒါက လွဲလို့ တခြားတွေစရာ ရှိသေးရဲ့လား။ အဲဒါ ကိုယ့်ခန္ဓာမှာ ပြနေတာတွေနော်။ အဲလိုစိစစ်ဖို့ မကောင်းဘူးလား။ သိမှ ပယ်နိုင်တာ မသိ ပယ်နိုင်ပါ့မလား။ အေး... အဲဒီနေရာ ရောက်အောင် ကြိုးစား အားထုတ်ဖို့ လိုတယ်။

သောတာပတ္တိမဂ် သောတာပတ္တိဖိုလ် ဘာတွေ ပယ်တာလဲ ဒိဋ္ဌိ ဝိစိကိစ္ဆာတဲ့ အနုသယ ကိလေသာ ပယ်တာ။ ဒိဋ္ဌိ ဝိစိကိစ္ဆာ အနုသယ ကိလေသာ ပယ်လိုက်တော့ ပရိယုဋ္ဌာန မနောကံ လာသေး ရဲ့လား။ မနောကံ မလာတော့ဘူး။ မနောကံ မလာရင် ဝီတိက္ကမ ကာယကံ ဝစီကံ လာသေးရဲ့လား။ မလာရင် အပါယ်သွားတဲ့ ကံတွေ မကုန်လား။ အပါယ်ခန္ဓာ ဇာတ် မသိမ်းလား။ ပဟာန ပရိညာလို့ မပြောလား။ ဉာတပရိညာ တီရဏပရိညာ ပဟာနပရိညာနော်။

<u>ငါးပါး ရှစ်ပါးလို့ ပိုင်းခြားပြီးပုံ</u>

ဤဉာဏ် သုံးဉာဏ်ရတဲ့ ပုဂ္ဂိုလ် အနမတဂ္ဂ သံသရာကစ ပါဏာတိပါတကံနဲ့ အသက် မွေးခဲ့တာ။ အဒိန္နာကံနဲ့ အသက်မွေးခဲ့တာ။ ကာမေသုမိစ္ဆာစာရကံနဲ့ အသက်မွေးခဲ့တာ။ မုသာဝါဒကံနဲ့ အသက် မွေးခဲ့တာ။ သုရာမေရယကံနဲ့ အသက်မွေးခဲ့တာ။ အကုသိုလ် ကံဟောင်း ကြွေးဟောင်း အနန္တတွေ အကျိုးပေး ခွင့်ရသေးရဲ့လား။ အကုန်လုံး အဟောသိကံ ဖြစ်မသွားလားဟဲ့။ ဘယ်လောက်များ အားရစရာ ကောင်းလဲနော်။ ဤဉာဏ်သုံးဉာဏ်ကို ရအောင် ယူလိုက်ကြ။ အဲဒီ ဉာဏ်သုံးဉာဏ်ရမှ ချမ်းသာအစစ်ကို ရမယ် ကြားလား။ အင်္ဂုလိမာလကြီးက သက်သေမခံလား။ စဉ်းစားဦးနော်။

26.5.2005,(2:00pm)20

အဲ...ဒါကြောင့်မို့လို့ လောက ဝိညာဏ်မြင် သမ္မုတိသစ္စာ ဘက်ကတော့ သီလ အခြေခံရတယ်ကွဲ့ နော်။ ပညာမြင်ပရမတ္ထသစ္စာ ဘက်ကတော့ အသိ ပညာ မဟောဘူးလား။ စဉ်းစားကွဲ့ နော်။ အဲလို လေ့လာဖို့ မကောင်းလား။ ထိထိမိမိ သဘောပေါက်ဖို့လိုတယ်။ အဲဒါလိုရင်း အချက် တွေ။ သိမှ ပယ်နိုင်တာ။ မသိ ပယ်နိုင်ပါ့မလား။

အဲ ... အင်္ဂုလိမာလကြီး သီလ ရှိရဲ့လား။ သီလရှိရင်လူသတ်ပါ့မလား။ လူသတ်တာ သီလရှိလို့လား မရှိလို့လား။ မရှိဘူး။ကဲတစ်ခါ သုရာမုခ အသောက်သမားကြီး။သီလရှိရဲ့လား။ ရှိဘူး သောက်နေ တာ။ မြတ်စွာဘုရား တရားပွဲမှာတရားနာလိုက်တော့ တရားနာလို့ တရားပွဲဆုံးတဲ့အခါ သောတာပန် မတည်ဘူးလား။ အဲဒီအခါမှ သီလမြဲတာ။ စဉ်းစားဖို့ မကောင်းလား။ လေ့လာ။ ကဲတစ်ခါ တရား ပွဲတိုင်း တရားပွဲတိုင်း တရားနာတဲ့အချိန် ကာယကံ ပတ်သက်ပြီးတော့ အကုသိုလ် လုပ်သေး ရဲ့လား။ တရားနာ တဲ့အခါ။ ဝစီကံပတ်သက်ပြီးတော့ အကုသိုလ်လုပ်သေးရဲ့လား။မလုပ်ရင်... သောတာပန် တည်ပြီလားလို့မေး ဘယ်လိုပြောမလဲ။ မတည်သေးဘူး။ သမာဒါန သီလကွဲ့။ ရုပ်နာမ်ကို တွေ့တာ မဟုတ်ဘူး၊ သမုစ္ဆေဒသီလ မှ ။ရုပ်နာမ် တွေ့မှ... သမုစ္ဆေဒသီလ ။ အဲဒီလို တော့ မခြားနားရဘူးလား။ အင်း... စဉ်းစား။ ဒါကြောင့်မို့လို့ ငါးပါး ၊ ရှစ်ပါးလို့ ပိုင်းခြားပြီးတော့ ဟောရတာ ပြောရတာ။ ဗျာ့။ သမာဒါန၊ သမ္ပတ္တ။ အဲဒါက ကြောက်လို့ ပြုလို့ ရှောင်ရတာ။ သိပယ်ဆို တာက သမုစ္ဆေဒ သီလ။ အဲလို လေ့လာဖို့ မကောင်းလား။

ကဲ ရှေးက ခုဇ္ဇုတ္တရာ ကျွန်မတို့ သာမာဝတီ မိဖုရားကြီး ခိုင်းတာ၊ နေ့စဉ်နှင့်တကွ အသပြာတစ်ဝက် တစ်ဝက်ခိုးတယ်။ ရတဲ့အခါ ဝမ်းသာတာပေါ့။ တစ်ထောင်ပေးရင် ငါးရာ။ ငါးရာပေး နှစ်ရာ့ငါးဆယ်။ နှစ်ရာပေးတစ်ရာခိုးတယ်။ဝမ်းသာတယ်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး တရားပွဲ ရောက် တော့ တိုတို ပြောမယ်ဆိုရင် ဘုရားရှင်မြင်ပြီး အနားကပ် တရားနာ တရားပွဲလည်း ဆုံးရော။ သောတာပန် တည်တယ်။ ဈေးကို ဆက်ဝယ်သွားတဲ့အခါ ဟော ခိုးသေးရဲ့လား။ သိပယ်လို့ မဟော ဘူးလား။ ခိုးရမှာ မစင်ကိုင်ရမှာလို ရွံ့သလို ရွံ့တော့တာကွဲ့။ ခိုးတဲ့စိတ်ကို မရှိဘူး။ ကုန်သွားတော့ တာ။ ခိုးတဲ့စိတ် ကုန်သွားပြီကွဲ့။ သတ်ချင်တဲ့စိတ်တွေ ကုန်ပြီ။ ခိုးချင်တဲ့စိတ်တွေကုန်ပြီ။ ကုန်သွားတာ။ မစင်ကိုင်ရမှာ ရွံ့သလိုရွံ့တော့တာ။ အဲဒီ အသိဉာဏ်မရခင်ကခိုးရမှာ ဝမ်းမြောက် ဝမ်းသာပေါ့။ ကဲသိတော့ကော ခိုးသေးရဲ့လား။ အေး...အဲတော့ကော သိပယ်ဆိုက်ပွား လေးပါးကိစ္စ မဂ်တစ်ခဏလို့ မဟောဘူးလား။ ဤနေရာ ရောက်အောင် ကြိုးစား အားထုတ်ကြ။

ကဲကြားဆဲခန္ဓာက ဖြစ်ပျက်ဘာသစ္စာ (ဒုက္ခသစ္စာပါဘုရား။) သိတာက (မဂ္ဂသစ္စာပါဘုရား။) သေတာက (သမုဒယသစ္စာပါဘုရား။) နောက်ခန္ဓာ မလာတာက (နိရောဓသစ္စာပါဘုရား။)

ပဋိစ္စသမုပ္ပါဒ် အကွက်ဘယ်နှစ်ကွက်ရှိ။ (လေးကွက်ရှိပါတယ်ဘုရား။) တစ်ကွက်လျှင် ဘယ်နှစ်ပါး။ …ငါးပါး။ (ငါးပါး ပါဘုရား။) ငါးလေးလီ (နှစ်ဆယ်) ဤရှစ်သွယ်ကို (အလွယ် ကျက်မှတ်သိ စေအပ်သည်) သံသရာမှ လွတ်ကြောင်းတည်း။ သာဓုခေါ်…။

သာဓု..သာဓု..သာဓု…။

……………………………………………………………………………………………………………………

ဩဝါဒ

….အဲဒါ ခွေးလှေးလို့ခေါ်တယ်။ သဝေထိုးလ ဟထိုး။ ဝစ္စပေါက်၊လှေး။ ခွေးလှေးဆိုတာ သန်းကို ပြောတာ။ ဒါမို့ ခွေးလှေးခုန် ဖုန်မထတဲ့။ ကြားလား။ အခု ဘုန်းကြီး ဟောတာ လှုပ်လှုပ်ပဲ့ ရှိရဲ့လား မသိဘူး။ ကြားလား ။

….မင်းတို့ မေးချင်တာ မေးစမ်းကွယ် ငါ အကုန်ဖြေမယ်။ တဲ့ ဟာ ဦးလွန်လှတကား။ ဦးက ဘယ်နှယ့် မေးချင်တာမေး၊ အကုန် ဖြေမယ်ဆိုတာ ကျုပ်တို့က မယုံပါဘူး။ ဘုန်းကြီးက ပြောပြတာ။ လူတုန်းက လူတုန်းက။ကဲမေးစမ်းကွယ်။ ငါအကုန် ဖြေမယ်တဲ့။ ကဲ အဲဒီနေရာကျတော့ မဖြေနိုင်။ ကျုပ် အဲဒါ မသိဘူး လို့ ဖြေလိုက်တော့တာ။ ကြည့် ဘုန်းကြီး ယူဆထားတာ အကုန်လုံး ဖြေနိုင်တယ် ယူဆထားတာကိုး။ ဒီကဟာက။ မသိဘူးဆိုတာ ဒါ ကျုပ် အဖြေပေးပြီးသားတဲ့။ အခုလည်း ဒီလိုပေ့ါဟဲ့။